## (၂၅-၉-၂၀၂၀) မှ (၁-၁၀-၂၀၂၀ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ ) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်း သည်** ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း (၁၁၃) နိုင်ငံအနက် ဈေးနှုန်း မြင့်တက်ခဲ့ သည့်နိုင်ငံပေါင်း (၂၅) နိုင်ငံရှိပြီး၊ ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် အာဂျင်တီးနား နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းထက် (၅.၀၀ %) ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ကာတာ၊ ထိုင်ဝမ်၊ ဘရာဇီးလ်၊ ဂါနာ၊ အစ္စရေး၊ အီတလီ၊ မိုနာကို၊ ရုရှား၊ တောင်အာဖရိကနှင့် ယူကေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၅၉) နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်း များအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယား၊ ပီရူး၊ ပေါ်တူဂီ၊ တူရကီ၊ ချက်၊ ယူကရိန်း၊ နယူးဇီလန်၊ စပိန်၊ ပိုလန်၊ ဆွစ်ဇာလန်၊ ချီလီနှင့် ဂျာမဏီ စသည့် နိုင်ငံပေါင်း (၂၉) နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် (၀.၁၀ %) မှ (၄.၃၀ %) ထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများ အနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ် လျှင် မလေးရှားနိုင်ငံတွင် (၃.၁၀ %)နှင့် ဖိလစ်ပိုင်နိုင်ငံတွင် (၁.၃၀ %) ဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် (၁.၇၀ %) ဖြင့် ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

**ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း (၁၁၃) နိုင်ငံအနက် မလေးရှား၊ ဖိလစ်ပိုင်၊ အာဂျင်တီးနား၊ ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေ၊ ခရိုအေးရှား၊ နယူးဇီလန်၊ ပြင်သစ်၊ ဂရိ၊ နယ်သာလန်နှင့် ကနေဒါ စသည့် နိုင်ငံပေါင်း (၂၀) နိုင်ငံတို့တွင် ဈေးနှုန်း မြင့်တက်ခဲ့ပြီး၊ ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံးနိုင်ငံ ဖြစ်သည့် အာဂျင်တီးနားနိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းထက် (၃.၇၀ %) ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ ကာတာ၊ ဘယ်လ်ဂျီယမ်၊ ဘရာဇီးလ်၊ အီကွေဒေါ၊ မိုနာကို၊ မော်ရိုကို၊ အိုမန်၊ ရုရှား၊ တောင်အာဖရိကနှင့် ယူကရိန်း စသည့်နိုင်ငံများ အပါအဝင် (၅၅) နိုင်ငံတို့တွင် ယခင်အပတ်များ အတိုင်း ဈေးနှုန်း အပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ အီတလီ၊ ပီရူး၊ ယူကေ၊ ချက်၊ အမေရိကန်၊ ပိုလန်၊ စပိန်၊ ပေါ်တူဂီ၊ ဆွစ်ဇာလန်၊ တူရကီ၊ ဂျာမဏီနှင့် လစ်ဘနွန် စသည့် နိုင်ငံပေါင်း (၃၈) နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် (၀.၁၀ %) မှ (၈.၀၀ %) ထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မလေးရှားနိုင်ငံတွင် (၂.၄၀ %) နှင့် ဖိလစ်ပိုင်နိုင်ငံတွင် (၀.၆၀ %) ဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး၊ ထိုင်းနိုင်ငံတွင် (၁.၇၀ %) နှင့် ဗီယက်နမ်နိုင်ငံတွင် (၃.၄၀ %)ဖြင့် ဈေးနှုန်း ကျဆင်းခဲ့ပြီး ကျန် အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ **အာဆီယံ နိုင်ငံများ**၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် (၁) လီတာ ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

**တန်ဖိုး– အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၂ | ၀.၄၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၁ | ၀.၆၆ |
| ၃ | ထိုင်း | လီတာ | ၀.၉၃ | ၀.၆၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၆၆ | ၀.၄၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၄၃ | ၁.၂၀ |
| ၆ | မလေးရှား | လီတာ | ၀.၄၀ | ၀.၄၁ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၀ | ၀.၇၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၈၅ | ၀.၆၇ |
| ၉ | လာအို | လီတာ | ၀.၉၃ | ၀.၈၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (၀.၉၉)နှင့် ဒီဇယ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (၀.၈၈) ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံ အလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း (၁) လီတာ (၀.၅၂) ဒေါ်လာနှုန်းဖြင့် (၁၉) နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း (၁) လီတာ (၀.၄၆) ဒေါ်လာနှုန်းဖြင့် (၁၇) နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို (၁) လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၂၆ |
| ၂ | အီရန် | လီတာ | ၀.၀၆ | နယ်သာလန် | လီတာ | ၁.၈၃ |
| ၃ | ဆူဒန် | လီတာ | ၀.၁၄ | မိုနာကို | လီတာ | ၁.၇၁ |
| ၄ | အင်ဂိုလာ | လီတာ | ၀.၂၆ | ဒိန်းမတ် | လီတာ | ၁.၇၀ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၄ | ဂရိ | လီတာ | ၁.၆၈ |

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၁ | ဟောင်ကောင် | လီတာ | ၁.၈၅ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | အယ်လ်ဘေးနီးယား | လီတာ | ၁.၅၉ |
| ၃ | ဆူဒန် | လီတာ | ၀.၁၆ | မိုနာကို | လီတာ | ၁.၅၈ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၂ | အစ္စရေး | လီတာ | ၁.၅၇ |
| ၅ | အင်ဂိုလာ | လီတာ | ၀.၂၂ | ဆွီဒင် | လီတာ | ၁.၅၅ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

တန်ဖိုး - အမေရိကန်ဒေါ်လာ


| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၀.၈၇ | ၀.၇၅ |
| ၂ | ဂျပန် | လီတာ | ၁.၂၄ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၄ | ၁.၀၁ |

Oil–Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၅.၉.၂၀၂၀ | စည် | ၄၀.၃၁ |
| ၂ | ၂၈.၉.၂၀၂၀ | စည် | ၄၀.၆၀ |
| ၃ | ၂၉.၉.၂၀၂၀ | စည် | ၃၉.၂၉ |
| ၄ | ၃၀.၉.၂၀၂၀ | စည် | ၄၀.၂၂ |
| ၅ | ၁.၁၀.၂၀၂၀ | စည် | ၃၈.၇၂ |

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၃) ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၈) ရက် နေ့ထိ အပတ်စဉ် ဓါတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်း ဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




ပြည်တွင်းစက်သုံးဆီဈေးကွက်အနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေး များအရ အောက်တိုဘာလ ၁ ရက်နေ့တွင် အောက်တိန်း-92 တစ်လီတာလျှင် ၅၀၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၆၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၅၅၅ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၅၆၅ ကျပ်ဖြင့် ပေါက်ဈေးရှိနေကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၁၉၅ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၃၁၉၅ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၉၄၇ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၆၇၇ ကျပ်၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၉၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၃၀၀၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ ထားဝယ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၄၇၅ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၂၄၀၇ ကျပ်၊ ပုသိမ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၂၃၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံလျှင် ၂၅၀၀ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။